
m စိတ်ကူးချိုချိုအနုပညာ




# လူထုရဲ့လူ

## လင်ကွန်းရုပ်ပုံလွှာကောက်ကြောင်းများ

မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)

mgyoe.com



mgyoe.com
mmm0009
1500.00 Ks

mgyoe.com

လူထုရဲ့လူ

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၃၁၀၁၄၀၁၁၁၀ နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၁၀၀၀၅၀၁၁၁ တို့ဖြင့်

မျက်နှာဖုံးဒီဇိုင်း m.a.ဝပြုလုပ်ပြီး ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချို စာအုပ်တိုက်၊ ၈၅၊ ၁၆၄ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်နှင့် ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ရန်ကင်း၊ ရန်ကုန်တို့က ပထမ အကြိမ် စောင်ရေ- ၅၀၀ ရိုက်နှိပ်ကာ ၂၀၁၁၊ မတ်လတွင် တန်ဖိုး ၁၅၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

စာအုပ်ချုပ် - ကိုတင်အေး (လှိုင်)

၉၂၃.၁

မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)

လူထုရဲ့လူ / မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်) ။ - ရန်ကုန်။ စိတ်ကူးချိုချိုစာပေ၊ ၂၀၁၁။

စာမျက်နှာ ၁၁၉ မျက်နှာ၊ ၁၃.၂ စင်တီ× ၂၀.၅ စင်တီ

(၁) လူထုရဲ့လူ

mgyoe.com

mgyoe.com

# မာတိကာ


– စကားဦး ၁

၁။ လင်ကွန်းကို ကျွန်တော်မြင်ပုံ ၅

၂။ မျက်မှောက်အမေရိကန်တို့ လင်ကွန်းကိုမြင်ပုံ ၉

၃။ ကြီးမြတ်သောကိစ္စအတွက် အောက်ခြေပနက် ၁၈

၄။ အိမ်ဖြူတော်သို့ လမ်းခရီး ၂၉

၅။ လင်ကွန်းအတွက် အသွင်သစ် ၄၁

၆။ စစ်ဦးစီးချုပ် လင်ကွန်း ၄၄

၇။ သံတမန် လင်ကွန်း ၅၂

၈။ ကျွန်စနစ်ဖျက်သိမ်းသော လင်ကွန်း ၅၈

၉။ နိုင်ငံကို လှုပ်ရှားစေသည့် စကားလုံးများ ၆၅

၁၀။ ပညာပြည့်ဝသော စကားများ ၇၄


❑

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# စကားဦး

၂၀၀၉ ခုနှစ်သည် အမေရိကန်နိုင်ငံ၏ အတော်ဆုံး နိုင်ငံခေါင်းဆောင်ဟု ရည်ညွှန်းလေ့ရှိကြသော အမေရိကန်နိုင်ငံသမ္မတ အေဘရာဟင်လင်ကွန်း၏ နှစ် ၂၀၀ ပြည့် မွေးနေ့ပင်ဖြစ်သည်။ အမေရိကန်တို့ လင်ကွန်း အား အလေးအမြတ်ဂါရဝထားခြင်းသည် လူ ၆၂၃,၀၀၀ သေဆုံးပြီး အမေရိကန်ပြည်ထောင်စုသည် ယင်း သမိုင်းကြောင်း၏ အပြင်းထန်ဆုံး စမ်းသပ်ချက်ကို ခံ၍ ကျွန်စနစ်ကို လုံးဝဖျက်သိမ်းလိုက်နိုင်ခဲ့သည်။ ကြမ်းတမ်းလှသော ပြည်တွင်းစစ်ကာလအဆုံး ၁၈၆၅ ခုနှစ်တွင် လုပ်ကြံသတ်ဖြတ်ခံရသည့် အချိန်မှစတင်ခဲ့သည်။ အမေရိကန်၏ လူပုဂ္ဂိုလ်အလေးအမြတ်ထားမှု သမိုင်းကြောင်းတွင် ထိုအထွတ်အမြတ်နေရာကို လင်ကွန်းဆက်လက်ပိုင်ဆိုင်နေသည်။ လက်ရှိ ကာလအထိ လင်ကွန်းအကြောင်းရေးဖွဲ့ထားသည့် စာအုပ်ပေါင်း ၁၄,၀၀၀ မက ပုံနှိပ်ထုတ်ဝေခဲ့ပြီးဖြစ်သည်။ ခေတ်ပြိုင်ပညာရှင် ဒေါက်ကလပ်အက်ဝိလ်ဆန်သည် လင်ကွန်းအား "အမေရိကန်တွင် လူသိအများဆုံး၊ ဂုဏ်ပြုခံရဆုံးပုဂ္ဂိုလ်" ဟု ရည်ညွှန်းဆိုသည်။

လင်ကွန်းနှင့် ပတ်သက်သမျှ စာပေကျမ်းဂန်တို့တွင် ဘယ်အတွက် နောက်တစ်အုပ်ထပ်တိုးရပါမည်နည်း။ လင်ကွန်းသည် ဤနိုင်ငံကို စတင်တည်ထောင်စမှသည် မျက်မှောက်ကာလအထိ ဖြန့်ကြက်လာခဲ့သော

mgyoe.com

mgyoe.com


အမေရိကန် အခြေခံသဘောတရားများကို ကိုယ်စားပြုသည်ဟု ကျွန်တော်တို့ ယုံကြည်၍ဖြစ်သည်။

ကျွန်တော်တို့၏ ၁၆ ယောက်မြောက် သမ္မတကို ဤသို့ သဘောထားသော အမေရိကန်များတွင် ၄၄ ယောက်မြောက် သမ္မတဘာရက်ခ်် အိုဘားမားလည်း ပါဝင်သည်။ အမေရိကန် အထက်လွှတ်တော်အမတ်ဖြစ်ခါစ ၂၀၀၅ ခုနှစ် ရေးသားချက်တွင် သူထွန်းပေါက်လာသည့် အခြေအနေထက်ပို၍ စိတ်ကူးကြည့်ရန်ခက်သော အနေအထားမရှိဟုဆိုသည်။ 'တရားဝင်ပညာရေး' ကန်တာကီပြည်နယ်ရဲ့ ကျေးလက်ဒေသမှ မွေးဖွားပြီး တစ်နှစ်စာတောင် ဆည်းပူးခွင့်မရပေမယ့် အီလီနွိုက်ပြည်နယ်ရဲ့ အတော်ဆုံးပြည်နယ်သားနှင့် ကျွန်တော်တို့နိုင်ငံရဲ့ အမြင့်မြတ်ဆုံးသမ္မတဖြစ်လာနိုင်တဲ့ သူကြောင့် သာမဟုတ်ရင်.. ကျွန်တော်ဖြစ်ထွန်းခွင့်ရမှာမဟုတ်ဘူးဟု ဆိုခဲ့သည်။

လင်ကွန်း၏ အတ္ထုပ္ပတ္တိတွင် အိုဘားမားသည် "ဆင်းရဲချို့တဲ့မှုမှ ရုန်းကန်တက်၍ ဘာသာစကားနှင့် ဥပဒေကို အလွန်ကျွမ်းကျင်ပြီး ကိုယ်ရေးဆုံးရှုံးမှုကို ကျော်လွှားနိုင်သလို အရှုံးကို မဆုတ်မနစ် ရင်ဆိုင်ကြုံတွေ့ရခဲ့သော သူ့စိတ်သည် အမေရိကန်ဘဝ၏ ပိုကြီးမား၊ ပိုအခြေခံကျသော အစိတ်အပိုင်းကို သတိရစေသည်။ ထိုအပိုင်းကား ကျွန်တော်တို့၏ ပို၍ကြီးကျယ်သော အိပ်မက်နှင့် ကိုက်ညီမှုရှိအောင် ကျွန်တော်တို့ဘဝကို အမြဲမပြတ် ပြုပြင်နိုင်သည်ဟူသော မဆုတ်မနစ်ခဲ့သည့် ခံယူချက်ပင်ဖြစ်သည်။

ထိပ်တန်းသမိုင်းပညာရှင်များကို စုစည်း၍ လင်ကွန်းအား ရှုထောင့်အမျိုးမျိုးမှ သုံးသပ်ရန်သာ ပန်ကြားခြင်းဖြင့် ကျွန်တော်တို့သည် ဤလူ၏ ကြီးမြတ်မှုအပြင် အမေရိကန်တို့၏နှလုံးသားတွင် နေရာရထားသည့် အတိုင်းအတာကို ကမ္ဘာတစ်ဝန်းမှ လူတို့သဘောပေါက်အောင် အထောက်အကူပြုနိုင်ရန် ရည်ရွယ်သည်။

ဤစာစုတွင် လင်ကွန်း၏ ပုံရိပ်ကို အပ်ကျမပ်ကျ တင်ပြရန် ရည်ရွယ်ရင်းပြုသည်။ ကျွန်တော်တို့၏ မိတ်ဆက်ကဏ္ဍတွင် အေဘရာဟင်လင်ကွန်း နှစ်နေရာပြည့်ပွဲကော်မရှင်၏ အမှုဆောင် ညွှန်ကြားရေးမှူး အီလင်မက်ကာဗပ်၏ လင်ကွန်းနှင့်ပတ်သက်သော ကိုယ်ပိုင်အမြင်ကို တင်ပြထားပါသည်။

mgyoe.com

ကျွန်တော်တို့၏ အဖွင့်အက်ဆေး "မျက်မှောက်အမေရိကန်များကမူ လင်ကွန်းကို သဘောထားပုံ"တွင် ဆောင်းပါးဆရာ အန်ဒရူး ဖာဂူဆန်သည် လင်ကွန်းစာအုပ်စာကြည့်တိုက်များ၊ လင်ကွန်းအမှတ်တရပစ္စည်းများ စုဆောင်းသူများ၊ လူထုအား လင်ကွန်းအသွင် ပြန်လည်သရုပ်ဆောင်တင်ပြသူများနှင့် လင်ကွန်း၏ ခိုင်မာသော ဆွဲဆောင်မှုပြယုဂ် ဖြစ်သော ဝါရှင်တန်ရှိ လင်ကွန်းအထိမ်းအမှတ်ကို သုံးသပ်တင်ပြထားသည်။ ထို့နောက်တွင် ဆောင်းပါးမှာ "ကြီးမြတ်မှု၏ အောက်ခြေပန္နက်တည်မှု ၁၈၅၄ ခုနှစ်ထိ အေဘရာဟင်လင်ကွန်း" ဖြစ်သည်။ ထိုဆောင်းပါးတွင် သမိုင်းပညာရှင် ဝီလ်ဆန်သည် နယ်စပ်ဒေသ သစ်လုံးအိမ်တွင် ဆင်းရဲနုံချာသော မိဘများတွင် မွေးဖွားခဲ့ပြီး ဤတိုင်းပြည်၏ အကြီးအမြတ်ဆုံး သရုပ်သကန်ပြပုဂ္ဂိုလ်၊ ကိုယ်ထူကိုယ်ထဘဝတည်သူဖြစ်လာသည့် လူငယ်လေးအကြောင်း သုံးသပ်တင်ပြထားသည်။ နိုင်ငံတစ်နိုင်ငံကို လှုပ်ခါစေခဲ့သော စကားလုံးများတွင် လင်ကွန်း အတ္ထုပ္ပတ္တိ စာရေးဆရာ ရောနက်စီဝှိုက်သည် လင်ကွန်း၏ ကြီးမြတ်သော ပါရမီအရည်အသွေးတစ်ရပ်ကို တင်ပြထားသည်။ ယင်းမှာ သူ၏ အာဝဇ္ဇန်းကောင်းမှုပင်ဖြစ်သည်။ သာမန်လူတန်းစား၏ အတွေးအခေါ်ရော၊ နိုင်ငံတစ်နိုင်ငံ၏ စိတ်ကူးကိုပါ ဆော်ဩနိုးဆွနိုင်သော သူ၏ သမ္မာကျမ်းစာဆိုင်ရာ ပိုင်နိုင်ယုံကြည်မှုတို့ အကျုံးဝင်သော စကားလုံးများကို သုံးသပ်ထားသည်။

ဤအက်ဆေးသုံးခုသည် လင်ကွန်း၏ ပြည်တွင်းစစ်ကာလ နိုင်ငံရေး ဖြစ်သည်။ အကြီးကျယ်ဆုံးကာလ ခေါင်းဆောင်ကဏ္ဍကို ဆန်းစစ်ပေသည်။ "အိမ်ဖြူတော်သို့လမ်း.. ၁၈၅၄ ခုနှစ်မှ အေဘရာဟင်လင်ကွန်း" နှင့် "နှောင်ကြိုးကင်းသော လင်ကွန်း"တွင် ဤစာအုပ်၏ စာတည်းမှူး မိုက်ကယ် ဂျေဖရိုက်မန်းက ပြည်တွင်းစစ်သို့ တိုင်စေခဲ့သည့် အကြောင်းတရားများနှင့် အမေရိကန်တောင်ပိုင်းမှ ကျွန်တို့ကို လွတ်လပ်ခွင့်ပေးလိုက်သော ၁၈၆၃ ခုနှစ် နှောင်ကြိုးဖြတ် ဥပဒေပြဋ္ဌာန်းသည့်အနေသို့ လင်ကွန်းဆိုက်ရောက်စေခဲ့သည့်အဖြစ်တို့ကို သုံးသပ် တင်ပြထားသည်။ "စစ်ဦးစီးချုပ် လင်ကွန်း" ဆောင်းပါးတွင်မူ ပြည်တွင်းစစ်သမိုင်း သုတေသီပီတာကော့ဆန်သည် အစွမ်းရှိသော ပြည်ထောင်စုတပ်မတော်ထူထောင်ရေးနှင့် ထိုတပ်မတော်ကို

mgyobe.com

mgyoe.com



အုပ်ချုပ်မည့် လက်ရွေးစင် စစ်ဦးစီးများ မွေးထုတ်ရေးအတွက် လင်ကွန်း ရင်ဆိုင်ကျော်လွှားခဲ့ရသည့် အခက်အခဲတို့ကို သုံးသပ်တင်ပြထားသည်။ နောက်ဆုံး အခန်းကဏ္ဍတွင်မူ သံတမန်ရေးရာသမိုင်းပညာရှင် ဟိုးဝက်ခ်ဂျုန် က "သံတမန်အနေလင်ကွန်း"တွင် စစ်ကာလ သမ္မတအဖြစ် လင်ကွန်း ရင်ဆိုင်ရသော ချောက်ကမ္ဘားများနှင့် ယင်းတို့ကို သူ ကျော်လွှားဖြတ်သန်း ခဲ့ပုံတို့ကို သုံးသပ် တင်ပြထားသည်။

လင်ကွန်းအကြောင်းစာအုပ်၊ ဆောင်းပါး၊ ဂါရဝပြုမှုများနှင့် ညီလာခံ များ အလျှံပယ်ကျင်းပခဲ့ကြသည့်ကြားမှပင် လင်ကွန်းသည် ပဟေဠိအဖြစ် တည်ရှိနေသေးသည်။ အဆုံးသတ်တွင် လင်ကွန်း၏ ပြယုဂ်သည် ကြီးကျယ် ထွေပြားအားပြည့်လှပါသောကြောင့် လူတန်းစားအသီးသီးမှ အမေရိကန် တို့သည် သူ့အား သူတို့၏ အရေးအတွက် ဘက်စုံအသုံးပြုခဲ့ကြသည်ကို တွေ့ရသည်။ မကြာမတင်ကာလက ပြုလုပ်ခဲ့သော အင်တာဗျူး တို့၌ အန်ဒရူးဖာဂူဆန်၏ သုံးသပ်ချက်သည် ထိုအထွတ်အမြတ်ပုဂ္ဂိုလ်၏ စွမ်းအား ကို အပီပြင်ဆုံး သုံးသပ်ပြနိုင်ခဲ့သည်ဟု ဆိုရသည်။


လင်ကွန်းသည် ကျွန်တော်တို့ အမျိုးသားရေးယုံကြည်မှုတွင် ကျွန်တော်တို့အတွက် မရှိမဖြစ်အရေးပါချက်ကို တုံ့ပြန်ကျေးဇူးပြုသည်။ နိုင်ငံသက်သက်မျှသည် ပြီးပြည့်စုံသည်မဟုတ်ဟု သူ၏ အထွတ်အမြတ် အဆင့်က ပြသ သတိပေးသည်။ နိုင်ငံသည် သဘောထားတစ်ရပ်ကို အကြွင်းမဲ့ဆုပ်ကိုင်ထားရန် လိုအပ်သည်။ ထိုသဘောတရားက လူတိုင်း ညီတူညီမျှဖြစ်ကြသည်ဟုပင်ဖြစ်သည်။

❑

mgyoe.com



mgyoe.com



လင်ကွန်းအထိမ်းအမှတ်အဆောက်အဦး၏ အလယ်ဗဟိုတွင် အရှေ့ဘက်ရှိ ဝါရှင်တန်ကျောက်တိုင်ဘက်သို့ ရှေ့ရှုထိုင်နေသော ဒန်နီရယ်ချက်စတာဖရန့်ချ်၏ လက်ရာလင်ကွန်းရုပ်တုရှိသည်။

mgyoe.com

mgyoe.com





LIVE THE LEGACY

ကွန်ဂရက်လွှတ်တော်၏ အက်ဥပဒေတစ်ခုဖြင့် ဖွဲ့စည်းထားသော အေဘရာဟင် လင်ကွန်း နှစ် နှစ်ရာပြည့်ကော်မရှင်သည် အမေရိကန် နိုင်ငံ၏ ၁၆ ဆက်မြောက် သမ္မတ၏ အတွေးအခေါ်ယုံကြည်ချက်နှင့် စိတ်ဓာတ်ကိုနိုင်ငံတစ်ဝန်း၊ ကမ္ဘာ တစ်ဝန်းတွင် ပြန်လည်ဆန်းသစ် စေခြင်းဖြင့် သူ့ဘဝနှင့်သူ့အမွေကို ထောမနာပြုရန် ရည်ရွယ်သည်။



ပန်းချီဆရာများသည် လင်ကွန်းမွေးဖွားခဲ့ရာ ကန်တာကီပြည်နယ်တောရပ်ရှိ သစ် လုံးအိမ်ပုံရိပ်ကိုစိတ်ကူး ပုံဖော်ရသည်ကို အကြိမ်ကြိမ်တွေ့လှပေသည်။

mgyoe.com



၁၉၂၂ခုနှစ်တွင်ပန္နက်ချခဲ့သော လင်ကွန်းအထိမ်းအမှတ် အဆောက်အအုံတွင်ကျောက်ဂျီယာပြည်နယ်ထွက်ကြွေကျောက် ၁၈ တုံး ဖြင့်ပုံဖော်ထားသော၁၉ပေ (မီတာ ၅.၈)မြင့်သည်။လင်ကွန်းထိုင်လျက်ပုံ ရုပ်တုရှိသည်။

mgyoe.com

mgyoe.com



အေဘရာဟင်လင်ကွန်းသည် အီလီနွိုက်ပြည်နယ် ဆီးနိတ်လွှတ်တော်တွင် အမှုထမ်းခဲ့ဖူးသည်။ ထိုလွှတ်တော်၏ မူလအခန်းကို မျက်မှောက်ကာလတွင် အသုံးမပြုတော့ချေ။ ဤပုံတွင် လင်ကွန်းဝတ်ဆင်ခဲ့သည့် ဦးထုပ်ပုံစံနှင့် ဝတ်ရုံဖြင့် ပြသထားသည်။

mgyoe.com

mgyoe.com




တစ်ဆယ့်ခြောက်ဆက်မြောက် သမ္မတနှင့်မလွဲမသွေချိတ်ဆက်မှုရှိနေပါသော သူ၏ ဦးထုပ်နှင့်သူ၏ ပုံတူပါသော ငါးဒေါ်လာတန် ငွေစက္ကူ။



အီလီနွိုက်ပြည်နယ်၊ စပရင်းဖီလ်တွင် တည်ရှိသော အေဘရာဟင်လင်ကွန်းသမ္မတ စာကြည့်တိုက်သည် ၁၆ ဆက်မြောက်သမ္မတနှင့်ပတ်သက်သော မှတ်တမ်း၊ ပစ္စည်းများကို အများပြည်သူကြည့်ရှုရန် ပြသထားသည်။

mgyoe.com



The original Emancipation Proclamation on display at the New York Public Library.

နယူးယောက်ပြည်သူ့စာကြည့်တိုက်တွင်ပြသထားသော မူလကျွန်စနစ်ဖျက်သိမ်းခြင်းကြေညာစာတမ်း။

mgyoe.com

mgyoe.com










“လင်ကွန်းသရုပ်ပြသူများ”သည် အသက်အရွယ်အမျိုးမျိုးဖြစ်လာကြပြီး ကျောင်းအတန်းများမှသည် အကျဉ်းထောင်များအထိ နေရာထွေထွေတွင် တွေ့ရတတ်သည်။ လင်ကွန်းသရုပ်ပြသူတစ်ဦးဆိုသည်ကဲ့သို့ပင် “လင်ကွန်းသည် ကျွန်တော်တို့သိသင့်သော်လည်း မေ့ကောင်းမေ့နေနိုင်သည့်အချက်ကို သတိပေးသည်” ဟုပင် ဆိုရမည်။

mgyoe.com

mgyoe.com







ဝါရှင်တန်မြို့သို့ အလုပ်အတွက်၊ လွတ်လပ်ရေးအတွက် ချီတက်ဆန္ဒပြရာနေရာ။ အမေရိကန်နိုင်ငံသား နှစ်သိန်းခွဲက ဒေါက်တာမာတင်လူသာကင်းဂျူနီယာ၏ "ကျွန်တော့်မှာ အိပ်မက်တစ်ခုရှိတယ်" မိန့်ခွန်းကို ကြားနာခဲ့ရာမှသည် လူရွယ်နှစ်ဦးက မုတ်သုံတောကို ကာကွယ်ရန် ဆန္ဒပြနေသည့် နေရာအဖြစ်အထိ လင်ကွန်း အထိမ်းအမှတ်အဆောက်အအုံသည် နိုင်ငံရေးအပြောင်းအလဲကို မျှော်လင့်သူတို့ စုဝေးရာအရပ်အဖြစ် ကာလကြာမြင့်စွာ ကပင် တည်လာခဲ့သည်။

mgyoe.com

# Groundwork for Greatness: Abraham Lincoln to 1854

mgyoe.com

BY DOUGLAS L. WILSON



စာဂျပိုးတစ်ဦးဖြစ်ပြီး၊ အဓိကအားဖြင့် ကိုယ်ထူကိုယ်ထပညာဆည်းပူးခဲ့သော လင်ကွန်းသည် အမေရိကန် နိုင်ငံ၏ အကောင်းဆုံးသော နိုင်ငံရေးစာညွှန့်ကို ရေးသား၍ သူ့ထက်အခွင့်အရေးများစွာသာခဲ့သော ခေတ်ပြိုင် များထက် အစွမ်းများစွာ ပိုသာပြနိုင်ခဲ့သည်။

mgyoe.com

mgyoe.com



“တောရိုင်းအရပ်သက်သက်” ကန်တာကီပြည်နယ် နော့ခ်ခရိခ်ရှိ အေဘရာဟင် လင်ကွန်းမွေးရပ်မြေ အမျိုးသားသမိုင်းကွင်း။



၁၈၄၇ ခုနှစ်ကာလ ဝါရှင်တန်မြို့တော်

mgyoe.com

mgyoe.com

ကိုယ်ထူကိုယ်ထဖြစ်ထွန်းလာသူ၏
ပုံရိပ်များ၊ ဂဏန်းတွက်ရန်အတွက်
လင်ကွန်း ကိုယ်တိုင်ဖန်တီးထား
သော မှတ်စုစာအုပ်








စတိုးဆိုင်စာရေးအလုပ်မှ ခဏလစ်၍ဥပဒေစာများ ဖတ်ရှုလေ့လာနေသော
လင်ကွန်း

mgyoe.com

mgyoe.com




အိလီနွိုက်စ်မှနေ၍ ရေစုန်နယူးအော်လင်းအထိ လယ်ထွက်ပစ္စည်းများ သယ်ယူပို့ဆောင်သော ဝမ်းပြားလှေတွင် အလုပ်လုပ်နေပုံ



လင်ကွန်းတို့နေထိုင်ခဲ့ရာ မူလသစ်လုံးအိမ်ညာဘက်တွင် မစ္စစ်လင်ကွန်း ဗိုင်းငင်ချာ။

mgyoe.com



mgyoe.com


လင်ကွန်းသည် အီလီနွိုက်ပြည်နယ် နယူးဆာလမ်မြို့သို့ အသက် ၂၂ နှစ်အရွယ်တွင်ရောက်ရှိသည်။ သူသည် မကြာခင်မှာပင် နယ်ခံသားတို့၏ လေးစားမှုကို ခံရပြီး အီလီနွိုက်တရားရေးရာ ဌာနသို့ တင်မြှောက်ခံခဲ့ရသည်။



အရှုံးမရှိ နပန်းသမားဟုဆိုလောက်အောင် လက်စွမ်းထက်ခဲ့သော လင်ကွန်းသည် နယူးဆာလမ်မြို့နယ်ခံလူမိုက်ကလာရီဂရိုဗ်ညီနောင်များမှ ဂျက်အမ်စထရောင်းကို ကိုင်ပေါက်ထားပုံ။

mgyoe.com

mgyoe.com


A. LINCOLN,
Attorney and Counsellor at Law,
SPRINGFIELD, ILL.

TO WHOM IT MAY CONCERN.







လင်ကွန်းသည် သူ၏ ဥပဒေလုပ်ငန်းကို အီလီနွိုက်ပြည်နယ်၏ မြို့တော်စပရင်း
ဖီလ်မြို့လယ်ခေါင်တွင် ဝီလျံအိပ်ချ်ဟန်ဒွန်နှင့် တွဲဖက်ဖွင့်လှစ်ခဲ့သည်။

mgyoe.com

mgyoe.com



အေဘရာဟင်လင်ကွန်းနှင့် သူ၏ ဇနီးမေရီတော့ဒ် (၁၈၄၆ ခန့်)



လင်ကွန်းသမ္မတရာထူး မခံခင် ကာလလေးက အိမ်ဖြူတော်

mgyoe.com

mgyoe.com

# Path to the White House: Abraham Lincoln From 1854


BY MICHAEL JAY FRIEDMAN



Abraham Lincoln depicted in an 1860 presidential election campaign poster.

လင်ကွန်း၏ ၁၈၆၀ ပြည့်နှစ် သမ္မတရွေးကောက်ပွဲ မဲဆွယ်လက်ကမ်းကြော်ငြာပုံ။

mgyoe.com



အီလီနွိုက်ပြည်နယ် ချာလ်စတွန်မြို့တွင် လင်ကွန်းမိန့်ခွန်းပြောကြားနေပုံ





ဒရက်စကော့ (ဘယ်)သည် အမေရိကန်နိုင်ငံသားမဟုတ်ဟု တရားသူကြီးချုပ် ရော်ဂျာဘီတာနေး (ညာ)၏ စီရင်ချက်သည် အမေရိကန်နိုင်ငံအား ပြည်တွင်းစစ်သို့ တွန်းပို့ရာတွင် တအားဖြစ်ခဲ့သည်။

mgyoe.com

mgyoe



၁၈၆၀ ပြည့်နှစ် သမ္မတရွေးကောက်ပွဲဝင် ထိပ်တန်းပုဂ္ဂိုလ်သုံးဦး။ လင်ကွန်း၊ ဌျန်စီဘရက်ကန်ရစ်ချ်နှင့် စတီဗင်အေဒေါက်ကလပ်။





အသားမည်းတစ်ယောက်ကို ပခုံးထမ်း အမေရိကန်အခြေခံဥပဒေကို ဟန်ချက်ထိန်းတန်းအဖြစ်ကိုင်၍ နီအာဂါရာရေတံခွန်ကို ကူးဖြတ်နေသည်။ ကြိုးတန်းလျှောက်သူပုံအဖြစ် လင်ကွန်းကို ဖော်ကျူးထားသော ကာတွန်း။

mgyoe.com

mgyoe.com

၁၈၆၀ ရီပတ်ဘလစ်ကင်ပါတီ
ရွေးကောက်ပွဲ ကြော်ငြာ








၁၈၆၀ ပြည့်နှစ်သို့
ရောက်သောအခါ
အမျိုးသားစာနယ်ဇင်းသည်
လင်ကွန်း၏ နိုင်ငံရေးသြဇာ
တက်လာမှုကို
သတိပြုလာခဲ့ကြသည်။

mgyoe.com

mgyoe.com



သမ္မတလောင်းလင်ကွန်းနှင့် သူ့ကိုထောက်ခံသူများ။ လင်ကွန်း၏ စပရင်းဖီလ် အိမ်ရှေ့တွင် (ညာဘက် အကျႌဖြူနှင့်) ၁၈၆၀ ပြည့်နှစ် ဩဂုတ်လ။




တရားသူကြီးချုပ်ရော်ဂျာဘီတာနေးက ၁၈၆၁ ခုနှစ် မတ်လ ၄ ရက်နေ့ သမ္မတအသစ်ကျမ်းသစ္စာ ကျိန်ဆိုမှုကို လက်ခံယူနေပုံ။

mgyoe.com

mgyoe.com





၂၀၀၉ ခုနှစ်တွင် အမေရိကန်ငွေတိုက်သည် လင်ကွန်းနှစ် နှစ်ရာပြည့် အထိမ်းအမှတ် ပဲနိစေ့လေးမျိုး ထုတ်ဝေမည်။




တောင်ကယ်ရိုလီနာပြည်နယ်ရှိ ဆမ်တာခံတပ်ကို ခွဲထွက်ရေးတပ်များက အမြောက်နှင့်ထုပြီးနောက် မြောက်ပိုင်းမျိုးချစ်များ တပ်ထဲဝင်လာကြပုံကို ဖော်ကျူးသည့်ပုံ။

mgyoe.com


mgyoe.com




ပြည်တွင်းစစ်ကာလတွင် တပ်စခန်းတစ်ခုသို့ သွားရောက်စစ်ဆေးနေသော စစ်ဦးစီးချုပ် လင်ကွန်း။

mgyoe.com

mgyoe.com




ဘယ် ။ သမ္မတလောင်းလင်ကွန်း ၁၈၆၀။


အထက် ။ ပြည်တွင်းစစ်ကို ဆင်နွှဲရန် ချီတက်သွားသည့် ပြည်ထောင်စုတပ်များ။

mgyoe.com

mgyoe.com




အိမ်ဖြူတော်ရှေ့တွင် ပြည်ထောင်စုတပ်များ စုဝေးနေကြခြင်း။




တောင်ကယ်ရိုလိနာပြည်နယ် ချားလ်စတန်မြို့ရှိ ဆမ်မာခံတပ်ကို ခွဲထွက်ရေးတပ်များက အမြောက်များဖြင့် ပစ်ခတ်ဖြိုခွင်းနေပုံ။

mgyoe.com

mgyoe.com




ခုံတန်းနောက်တွင် မတ်တပ်ရပ်နေသော ဗိုလ်ချုပ်ယူလစ်ဆစ်အက်စ်ဂရန့်
ဗိုလ်ချုပ် ဂျော့ခ်ဂျီမိဒ်ကိုင်ထားသော မြေပုံကို လေ့လာနေပုံ။



ဗာဂျီးနီးယားပြည်နယ်
ရော့ခ်တောင်းမြို့ရှိ
ပြည်ထောင်စု လက်နက်တိုက်။

mgyoe.com

mgyoe.com



ခွဲထွက်ရေးတပ်ဗိုလ်ချုပ် ဂျွန်ဟုဒ်၏ တပ်များအား ရိက္ခာပို့ဆောင်နေသော မီးရထား လမ်းကို ပြည်ထောင်စုတပ်များ ဖျက်ဆီးထားပုံ။



ဗိုလ်ချုပ်ဂျော့ခ်ျဘီမက်ကလီလန်။

mgyoe.com

mgyoe.com



ကတုတ်ကျင်းစစ်ရေးကို အမေရိကန်ပြည်တွင်းစစ်ကာလတွင် စတင်ကျင့်သုံးခဲ့ကြသည်။ ဗာဂျီးနီးယား ပြည်နယ် ပီတာစ်စဘတ်မြို့အနီးရှိ ပြည်ထောင်စုတပ်များ၏ ကတုတ်ကျင်းတစ်ခု။



၁၈၆၅ ခုနှစ် အိမ်ဖြူတော်သံတမန်ညှော်ခံပွဲတစ်ခု။

mgyoe.com


mgyoe.com



စစ်ကာလလေးနှစ်အကြာ ချားလ်စတန်မြို့ပျက်။

mgyoe.com


mgyoe.com



ဗိုလ်ချုပ်ယူလက်ဆီအက်စ်ဂရန့်။

mgyoe.com

mgyoe.com



ဒုတိယအကြိမ် သမ္မတဘွဲ့ခံစဉ် ၁၈၆၅။

mgyoe.com

mgyoe.com

# လင်ကွန်းကို ကျွန်တော်မြင်ပုံ

သမိုင်းသူရဲကောင်းများတွင် အေဘရာဟင်လင်ကွန်းသည် အစစ်မှန်ဆုံး အမေရိကန်ပြယုဂ်အဖြစ် ပေါ်လွင် ထင်ရှားသည်။ ဘဝကြမ်းလှသော နယ်စပ်ဒေသတွင် ဆင်းရဲချို့တဲ့သော မိဘမှ မွေးဖွားလာခဲ့သော သူ၏ တစ်ဟုန်ထိုး ထွန်းပေါက်လာမှုသည် မလျော့မနည်း အားတက်စရာပင် ဖြစ်သည်။ လင်ကွန်းသည် သူ့ဘဝ တစ်လျှောက်လုံးတွင် ဆက်လက်ကြီးထွား၊ သူ့ကိုယ်သူ ထပ်မံမွမ်းမံမှုမပြတ် ပြုခဲ့သည်။ နှစ်ပေါင်း ၂၀၀ နှောင်းမှာပင်လျှင် သူ၏ လမ်းညွှန်မှုကို ကျွန်တော်တို့ မျှော်ကိုးနေကြသေးသည်။ အမှန်အတိုင်းပြောရပါလျှင် ကျွန်တော်တို့သည် ကျွန်တော်တို့၏ ၁၆ ယောက်မြောက် သမ္မတကို တုပခြင်းထက် ပို၍ကောင်းသောနည်းဖြစ် ဘဝ ထူထောင်ရန် မရှိပါ။ မဆုတ်မနစ်အမေရိကန်ပီသစွာ ရည်မှန်းချက် ကြီးမားခဲ့သည့်တိုင်အောင် ကိုယ့်ရိုးဂုဏ်ကို အထိပါးခံ လိုက်လျောမှုမပြုနိုင်လောက်အောင်ပင် ခံယူချက်ခိုင်မာခဲ့သူလည်း ဖြစ်ခဲ့သည်။

ကျွန်တော်တို့ လင်ကွန်းကား မည်သည့်အခါမှ ငြိုးငွေ့ဖွယ်ရာ မဖြစ်ချေ။ ရိုးစင်းသောသူ၊ နားလည်ရ ခက်သောသူ၊ မကျွမ်းကျင်သော အလုပ်ကြမ်းသမား၊ လူနောက်၊ သင်းခွဲနေတတ်သူ၊ လက်တွေ့လုပ်တတ်သူ၊ စိတ်ကူးမျှော်မြင်မှု ပြုတတ်သူစသဖြင့် ထွေပြားလှသည်။ သူ့ကို ကျွန်တော်တို့

mgyoe.com

mgyoe.com


နားလည်ပြီဟု ထင်မှတ်ခါမှ ကျွန်တော်တို့အထင်နှင့် တလွဲအသွင်ခံယူတတ်ပြန်သည်။ သူသည် ချောင်ပိတ်သတ်မှတ်၍ မရသော လူစားဖြစ်သည်။ ကာလတိုင်းအနေအထားတိုင်းအတွက် လင်ကွန်းရှိသည်။

ပညာရှင်တို့သည် လင်ကွန်း၏ များပြောင်လှသော အသွင်တို့တွင် ကုန်ကြမ်းရှာတွေ့ကြသည်။ သူတို့သည် သူ့ဘဝ၏ အနှစ်သာရကို ဆန်းစစ်သည်။ သူ၏ ကြေကွဲဖွယ်ရာ ဘဝနိဂုံး၏ ပို၍နက်ရှိုင်းသော အနက်ကို ဖွင့်ဆိုသည်။ သူ၏ လူမျိုးရေးအမြင်က မည်သို့ဖြစ်ထွန်းလာခဲ့ပါသနည်း။ ကျွန်စနစ်ဖျက်သိမ်းရေးကိစ္စကို သူ မည်သည့်အတွက်ကြောင့် သတိကြီးစွာထား၍ ဆောင်ရွက်ခဲ့ပါသနည်း။ စစ်တလင်းတွင် အောင်ပွဲခံနိုင်မှုနှင့် ပြည်ပရပ်ခြားမှ အပံ့အပိုးလိုအပ်မှုကြောင့်သာလျှင် ထိုကဏ္ဍကို ဆောင်ရွက်ခဲ့ပါသလား။ ကျွန်တော်တို့ကို နိုင်ငံသားအခွင့်အရေးအပြည့်အဝပေးရန် သဘောထားကို မည်သည့်အခါတွင် သူစတင်ခံယူခဲ့သနည်း။ သူ၏ ပြန်လည်ထူထောင်ရေးအစီအစဉ်သည် ကျွန်တော်တို့ကို တရားဝင် ညီတူညီမျှအခွင့်အရေးပေးလျက်ကပင် တောင်နှင့် မြောက်ကို ပြန်လည်စည်းရုံးနိုင်ပါမည်လား။ လင်ကွန်းသည်သာလျှင် သူသေဆုံးပြီးနောက် ဖြစ်ထွန်းခဲ့သော လူမျိုးရေးဆက်ဆံမှု၏ ကြေကွဲဖွယ်ရာလမ်းကြောင်းမှ နေ၍ ကျွန်တော်တို့ကို ပဲ့ထိန်းခွာနိုင်ခဲ့ပေသည်။ အမေရိကန်သမိုင်းသုတေသီတို့၏ ဂုရုအဖြစ် သတ်မှတ်ခံရသော အာဖရိကန်–အမေရိကန်လူမျိုးပညာရှင် ဂျွန်ဟို့စ်ဖရန့်ကလင်းဆိုသည်ကဲ့သို့ "အမေရိကန်သမ္မတတွေအားလုံးမှာ လင်ကွန်းတစ်ယောက်သာ ညမအိပ်ဘဲ ကျွန်တော့် လူမျိုးတွေရဲ့ ကံကြမ္မာအကြောင်း တွေးတောပူပန်ခဲ့တယ်"ဟု ဆိုရမည်။

မျက်မှောက်ကာလတွင် လင်ကွန်းအား သူ့နိုင်ငံသားအားလုံးနီးပါးက နှစ်လိုကြပါသော်လည်း သူ အသက်ရှိစဉ်ကာလက သူသည် ရာသီစုံ၊ အကြောင်းရပ်စုံနှင့် အလျဉ်းသင့်သော သူ မဟုတ်ခဲ့ချေ။ တောင်ပိုင်းသားအများအပြားနှင့် ဖျက်သိမ်းရေးသမားများက သူ့ကို မနှစ်လိုခဲ့ကြချေ။ ကျွန်ဟောင်းတစ်ဦးဖြစ်ပြီး ဖျက်သိမ်းရေး စာရေးဆရာ၊ စာတည်းနှင့် နိုင်ငံရေးပြုပြင်ရေးသမား (အင်္ဂလန်နိုင်ငံတွင် လူရှိသေ ရှင်ရှိသေဆုံးသူ) ဖြစ်လာခဲ့သော ဖရက်ဒရစ်ဒေါက်ကလပ်သည် လင်ကွန်းအား ကျွန်စနစ်

mgyoe.com

mgyoe.com


ဖျက်သိမ်းရေးကိစ္စဆောင်ရွက်ရန်အတွက် လေးဖင့်လွန်းခဲ့သည်ဟု အပြစ်ဆိုသည်။ လင်ကွန်းသည် တောင်ပိုင်းတော်လှန်ပုန်ကန်မှုတွင် ပါဝင်ပတ်သက်မှုမပြုခဲ့သော ကျွန်ထားသည့် နယ်စပ်ပြည်နယ်များပေါ် သက်ညှာလွန်းခဲ့သည်ဟု ဒေါက်ကလပ်က ယူဆသည်။ ဒေါက်ကလပ်သည် လင်ကွန်း၏ နိုင်ငံရေးပရိယာယ်ကို နောက်မှ သဘောပေါက်လာခဲ့သည်။ သမ္မတလင်ကွန်းသည် အမေရိကန် နိုင်ငံသားတို့အား ဖျက်သိမ်းရေးမူသို့ မည်မျှမြန်ဆန်စွာနှင့် မည်မျှတာရောက်အောင် ထွက်နိုင်သည်ကို ကျွမ်းကျင် လိမ္မာစွာ သဘောပေါက်သူတစ်ဦးဖြစ်နေခဲ့သည်။

ပညာယူရန် အမြဲတစေအသင့်ရှိနေခဲ့သော လင်ကွန်းသည် အတိုက်အခံသမားတို့ကို အိမ်ဖြူတော်သို့ ဖိတ်ခေါ်ခဲ့သည်။ သူသည် သူတို့၏ ရိုးသားမှုကို အလေးထားခဲ့သည်။ ထိုသူတို့တွင် ဒေါက်ကလပ်လည်း ပါဝင် ခဲ့သည်။ အခြားတစ်ဦးမှာ အန်နာဒစ်ကင်းဆန်းဖြစ်သည်။ သူသည် ကွေကာလှုပ်ရှားရေးသမား ဖျက်သိမ်းမှုစနစ် ဝါဒီဖြစ်ခဲ့သည်။ အမျိုးသမီးတို့ အခွင့်အရေးအတွက် ရှေ့တန်းမှ တိုက်ပွဲဝင်ဆော်သြနေဖြစ်ခဲ့သည်။ လင်ကွန်းအား လွန်စွာ အထင်ကြီးလေးစားသူတစ်ဦးဖြစ်ခဲ့သည်။ သို့သော် သူမက မောက်ကြွားသော နိုင်ငံရေးအကြံအဖန်သမား ဗိုလ်ချုပ်ဂျော့ခ်ဘီမက်ကလီလ်လန်အား နိုင်ငံတော်သစ္စာဖောက်မှုဖြင့် တရားစွဲဆိုသည်ကို လင်ကွန်းက မထောက်ခံခဲ့သောကြောင့် လင်ကွန်းကို တိုက်ခိုက်လာခဲ့သူဖြစ်သည်။ လင်ကွန်းသည် အမေရိကန်လူမျိုး လူစား အစုံစုံအဖုံဖုံ၏ စကားကို တလေးတစားနားထောင်ခဲ့သည်။ နီဂရိုးဖျက်သိမ်းရေးဝါဒီမှသည် ကွေကာလှုပ်ရှားသူများအထိ သူ၏ ကက်ဘိနက်အဖွဲ့ဝင်ပါရမီရှိ အဆင့်မြင့် စွမ်းအားရှိ ပုဂ္ဂိုလ်ထူးတို့မှသည် သူ့နိုင်ငံရေးပြိုင်ဘက်များ၏ စကားအထိ လူသားအားလုံး၏ စကားကို နားထောင်သည်။ သို့သော် အရေးကြီးသော ဆုံးဖြတ်ချက်များကို သူတစ်ဦးတည်းသာချခဲ့သည်။

ခေါင်းဆောင်တစ်ဦးအနေဖြင့် လင်ကွန်းသည် အလွန်သတိထားလှုပ်ရှားခဲ့သည်။ နိုင်ငံရေးလေကို အမြဲတစေ စမ်းသပ်နေခဲ့သည်။ သူသည် မကြာခဏစိတ်ပြောင်းခဲ့သည်။ နာမည်ကြီးသမိုင်းပညာရှင် ဂျိမ်းဟောတွန်၏ ခေတ်သစ်စကားဖြင့် ပြောရလျှင် သူသည် အတ္တိမ ဖလပ်ဖလပ်

mgyoe.com

mgyoe.com


သမားဖြစ်ခဲ့သည်။ သို့သော် လူမှုရေး သိပ္ပံ ပညာရှင်ကြီး ဒဗလျူအီဘီဘွိုင်စ်က လင်ကွန်းအား "မပြတ်မလပ်ပြောင်းလဲနေနိုင်လောက်အောင် ကြီးမားသည်" ဟု ညွှန်းစကားဆိုသည်က အခြေခံအမှန်တရားထောက်ပြချက်ဖြစ်သည်ဟု ယူဆပါသည်။

လင်ကွန်းကို ကျွန်မသဘောအကျဆုံးအချက်မှာ သူ၏ မြင့်မြတ်သော စရိုက်ပင်ဖြစ်သည်။ သမိုင်းပညာရှင် ဂျွန်စတပ်ဖ်ဖာက သူ၏ ၁၉ ရာစု သဘာဝ ကိုယ်ထူကိုယ်ထဖြစ်ထွန်းပုံကို ဖော်ကျူးရာတွင် ညွှန်းဆိုသော စရိုက်ကို ဆိုလိုသည်။ သူ၏ အတွေးအခေါ်ကို သာတူညီမျှမှုနှင့် လွတ်လပ်မှု အတွေးအခေါ်တို့တွင် အခြေခံထားသောကြောင့် လင်ကွန်းထံမှ အရာအားလုံးကို စိတ်ကူးထဲ တွေးမြင်ခံယူနိုင်သည်။ သူသည် လူမျိုးရေးပြဿနာကို ဖြေရှင်းကောင်း ဖြေရှင်းနိုင်ခဲ့မည်။ အမျိုးသမီးများကို သာတူညီမှု အခွင့်အရေး ပေးနိုင်ကောင်းပေးနိုင်မည်။ အခြားသူအားလုံးတို့ထက် ပို၍ အမေရိကန် သူရဲကောင်း ပိုပီသသည်။

လင်ကွန်းနှင့် သူ့ဇနီးသည် မေရီတော့ဒ်လင်ကွန်းသည် သူ လုပ်ကြံသတ်ဖြတ်မခံရခင်အချိန်ကာလ အနည်းငယ်စောစော နေသာသော နွေဦးပေါက်တစ်ရက်တွင် မြင်းရထားစီးထွက်ခဲ့သည်။ ပြည်တွင်းစစ်ပြီးကာစ ဖြစ်သည်။ အကောင်းမြင်ဝါဒလွှမ်းနေခဲ့သည်။ လင်ကွန်းသည် အနာဂတ်ကို ရှုမျှော်သုံးသပ်လိုက်သည်။ သူ့သမ္မတ သက်တမ်းကုန်လျှင် သူတို့ဥရောပနှင့် ဥရောပအလွန်သို့ ခရီးထွက်နိုင်ရန် မျှော်လင့်ကြောင်း လင်ကွန်းက သူ့ဇနီးသည်ကို ပြောလိုက်သည်။ ထိုသို့ဖြစ်ခွင့်မသာခဲ့ချေ။ သို့သော် ပို၍ကြီးမြတ်သော သဘောသဘာဝအရ လင်ကွန်းသည် ကမ္ဘာတစ်ဝန်းခရီးနှင်ခဲ့ပြီးဟု ဆိုရမည်။ သာမန်လူတစ်ဦး သူ့ကိုယ်သူ အသစ်တစ်ဖန်ပြုပြင်တည်နိုင်သည် ဟူသော အချက်ကား ကျွန်တော်တို့အတွက် လှုံ့ဆော်အားပေးချက်အဖြစ် လုံလောက်ပေသည်။

❑

mgyoe.com

mgyoe.com

# မျက်မှောက်အမေရိကန်တို့ လင်ကွန်းကိုမြင်ပုံ

"ဟ.. အေဘရာဟင်လင်ကွန်းအကြောင်း စာအုပ်တစ်အုပ်ပေါ့၊ အမေရိကန်နိုင်ငံ လိုအပ်နေတဲ့ဟာပဲ"

ကျွန်တော်က ကိုယ်ပိုင်စာအုပ်တစ်အုပ်ရေးရန် လက်မှတ်ထိုးထားကြောင်း ပြောဆိုသောအခါ ကျွန်တော်၏ စာရေးဖော်မိတ်ဆွေတစ်ဦးက ပြောလိုက်သည်။

အတိအကျပြောရပါလျှင် ကျွန်တော့်အတွက်တော့ ကျွန်တော့်စာအုပ်သည် လင်ကွန်းအကြောင်း မဟုတ်ချေ။ အနည်းဆုံးလင်ကွန်းအကြောင်း တိုက်ရိုက်ဆိုညွှန်းသည့် စာအုပ်မဟုတ်ချေ။ သို့တိုင်အောင် ကျွန်တော့် မိတ်ဆွေ၏ သရော်စကားက ကျွန်တော့်ကို စူးရှခဲ့သည်။ သူ့စကားနောက်တွင် အမှန်တရားရှိခဲ့သည်။ သူက အရေအတွက် အတိအကျ မသိခဲ့သည့်တိုင်အောင် ကျွန်တော်က သိခဲ့သည်။ ဖို့ဒ်ဇာတ်ရုံတွင် ထိုလဆိုးသောဖြစ်ရပ်ကြုံ၊ လူသတ်သမား ကျည်ဆန်က သူ့အသက်ကို ခြွေခဲ့သည့်ကာလမှသည် လင်ကွန်းအကြောင်းရေးသားခဲ့သော စာအုပ်ဖပါင်းမှာ ၁၄,၀၀၀ မကခဲ့ချေ။ သူ့အကြောင်းသည် ယေရှုနှင့် နပိုလီယန်တို့နောက် စာရေးဆရာတို့ လက်အတွေ့ဆုံး အကြောင်းတရားဖြစ်ခဲ့သည်။ ထိုစာအုပ်

mgyoe.com

mgyoe.com

ပြုစုထုတ်လုပ်ရေးကဏ္ဍကလည်း နေးကွေးသွားသည်ဟု မရှိခဲ့ချေ။ ယခုပင် လည်း အရှိန်လျော့သွားမည့် ပုံမပြချေ။ သင့်လက်တွင်းမှ ဤစာအုပ်က ဖော်ကျူးပြသနေသကဲ့သို့ပင်ဖြစ်သည်။ ကျွန်တော်ကိုယ်တိုင် လင်ကွန်း စာအုပ်ရေးသားပြုစု၍ မကြာခင်ကာလမှာပင် ထိုအချက်က ကျွန်တော့်ကို ဖိအား ပြုလာခဲ့သည်။

လင်ကွန်း၏ ဇာတိ အီလီနွိုက်စ်ပြည်နယ် စပရင်းဖီလ်မြို့သို့ ကျွန်တော် ရောက်ရှိခဲ့သည်။ ရက်သတ္တပတ် တစ်ပတ်၊ လင်ကွန်းညီလာခံတက်ရောက် နေခိုက် ဖြစ်သည်။ (စပရင်းဖီလ်တွင် လင်ကွန်းညီလာခံတစ်ခုမဟုတ်တစ်ခု ကို တစ်ယောက်မဟုတ် တစ်ယောက်က နှစ်ပတ်တစ်ခါလောက် ကျင်းပ နေတတ်သည်။ ပရိသတ်က အတော်များခဲ့သည်။ အကြမ်းဖျင်းအားဖြင့် ပြောရလျှင် ပညာရှင် ၁၀၀၊ စာရေးဆရာ၊ အပျော်တမ်းသမိုင်းသုတေသီ၊ ဝါသနာရှင် လင်ကွန်းသရဲများနှင့် လမ်းပေါ်မှ လူအချို့ တက်ရောက်နေခဲ့ ဟန်ရှိခဲ့သည်။ တစ်ကြိမ်တွင် အစီအစဉ်မှူးက စစ်တမ်း ကောက်လိုက်သည်။

"သိချင်လို့ သက်သက်ပါ။ ခင်ဗျားတို့ထဲမှ ဘယ်နှယောက်များ လင်ကွန်းအကြောင်းစာအုပ်တစ်အုပ် ရေးနေလဲ"

သူက မေးလိုက်သည်။

ပရိသတ်ထက်ဝက်နီးပါးက လက်မြှောက်ပြလိုက်ကြသည်။

ကျွန်တော်အတော် တုန်လှုပ်သွားသော်လည်း မဖြုံခဲ့ချေ။ မကြာခင် ကာလတွင် ကျွန်တော်သည် လင်ကွန်း အကြောင်းရေးဖွဲ့ရန် ကြိုးစားသော စာရေးဆရာတို့အတွက် လင်ကွန်းဟာကွက်က ဖန်တီးပေးသော လက်တွေ့ အခက်အခဲကို ကျွန်တော်စတင်ရင်ဆိုင်လာရသည်။ ယင်းတို့သည် ရှိသမျှ အချက်အလက်မှန်သမျှ စစ်ထုတ်ခံရပြီး ဖြစ်သော သမိုင်းဝင်စာရွက်စာတမ်း များကို လွန်၍ ပိုက်စိပ်တိုက်ရှာရသည့် အခြေအနေဆိုက်ရသည်။ ကျွန်တော် တို့သည် မကြာမကြာပင်လျှင် လင်ကွန်းအကြောင်း အချက်အလက်အသစ် တစ်ခုရတတ်ပြီး သိရှိလာသည့် အချက်အလက်သည် မည်မျှသေးငယ် သည်ပင်ဖြစ်စေ၊ တကယ့်ပညာရှင်တို့နှင့် မျက်လုံးဟောက်ပက်ဖြစ်အောင် သရဲမရဲစီး မွှေနှောက်ရှာဖွေတတ်သူတို့ကို စိတ်ဝင်စား စိတ်လှုပ်ရှားစေသေး သည်။ လတ်တလောလူထုကို စွဲဆောင်နိုင်သည့် အချက်အလက်ဟောင်း

mgyoe.com

mgyoe.com


များကို ပုံစံသစ်ဖြင့် တင်ပြသည့် စာအုပ်များသာဖြစ်သည်။ ပို၍ သမားရိုးကျဆန်ပြီး ကျွန်တော့်အတွက် မမြင်ရသော ပြဿနာတစ်ရပ်ဖြစ်ခဲ့သည့်အချက်မှာ နာမည်ပေးသည့်ကိစ္စဖြစ်သည်။ စာရေးဆရာတို့ ဤအချက်ကို သတိချပ်ပါစေ။ ၁၄,၀၀၀ အရေအတွက် ပုံကြီးထဲတွင် စာရေးဆရာတစ်ဦးရဲ့ စာအုပ်သည် သင်ပေးရန် ရည်ရွယ်သော နာမည်မျိုးပေးထားပြီး စာအုပ်ဖြစ်ရန် သေချာသည်။ လင်ကွန်း၏ အထင်ရှားဆုံး ဆိုစကားများမှ ရွေးထုတ်နိုင်သမျှစကားစုမှန်သမျှကို မျက်နှာဖုံးတွင် တွေ့၍ A New Birth of Freedom မှသည် With Malice Toward None သို့ With Charity to All မှသည် Of the People, By the People, For the People အထိ စာအုပ်စုံစုံတွေ့မြင်နိုင်သည်။ ကျွန်တော်တို့ထက် လှမ်းလှမ်းရှုကြည့်လိုက်သောအခါ စကားပန်းခွေတစ်ခု တွေ့လာသည်။ လင်ကွန်းစာရေးဆရာအားလုံးသည် အကန့်အသတ်ဖြင့် ချပေးထားသော စကားလုံးများဖြင့် အစီအစဉ် တစ်မျိုးပြန်ဖွဲ့ရန် တာဝန်ပေးခဲ့ရသည့် အနေမျိုးရှိနေသည်။ The Sword of Lincoln စာအုပ်နှင့် Lincoln's Sword; Lincoln and the Generals နှင့် Lincoln's Generals; The Inner World of Abraham Lincoln; The Intimate World of Abraham Lincoln. Abraham Lincoln's World and Abrahan Lincoln's Intimate World, Lincoln's Virtues of Vintuous Lincoln ဟုရှိသည်ကို တွေ့ရသည်။ ထိုမျှသာမကသော In Lincoln's Foot Steps; In the Footsteps of the Lincolns နှင့် ထွေပြားစေရန် ရည်ရွယ်ရင်းဖြင့် In Lincoln's Footprints ဟု အမည်မျိုးဖြင့် စာအုပ်များလည်း ရှိသည်။ The Real Lincoln ဟု အမည်ပေးထားသော စာအုပ်သုံးအုပ်ရှိပြီး တစ်အုပ်ချင်းတွင် တင်ပြထားသော အစစ်အမှန် လင်ကွန်းသည် ကျန်အုပ်နှစ်အုပ်တွင် တင်ပြထားသည့် အစစ်အမှန် လင်ကွန်းနှင့် လုံးဝဥဿုံခြားနားနေသည်။

ဤအချက်သည် ကျွန်တော့်ကို အံ့အားသင့်စေသလောက် မအံ့သြစေခဲ့ချေ။ ကျွန်တော့်စာအုပ် Land of Lincoln ၁၉၈၀ ပြည့်နှစ်တွင် ထုတ်ဝေခဲ့သော သောမတ်ဂျေဖလင်မင်း၏ The Living Land of Lincoln နှင့် မမှားပါနဲ့အတွက် အချက်အလက်များ စုဆောင်းသောအခါ ကျွန်တော့်

mgyoe.com

mgyoe.com


သတိပြုမိသည့်အချက်ကား လင်ကွန်း မည်မျှလှုပ်ရှား ရှင်သန်နေသည်ဆို သည့် အချက်ပင်ဖြစ်သည်။

၁၉၆၀ ပြည့်နှစ်များကာလ စောစောပိုင်းလင်ကွန်းသည် ကြီးကြီး မားမား မလွတ်မလွဲနိုင်အောင် အများပေါ် လွှမ်းမိုးပြီး တစ်နိုင်ငံလုံးအတွက် အောင်မြင်မှုစံအဖြစ် ဖြစ်နေချိန်ကာလတွင် ကျွန်တော် ချာတိတ်မျှသာဖြစ်ခဲ့ သည်။ ယခုမူအားလုံးကိုယ်စီ လင်ကွန်းများရှိပုံပေါက်နေခဲ့သည်။ ကျွန်တော်တို့၏ ကြီးမြတ်လှသော နိုင်ငံအမျိုးသား ဖခင်ကြီးကို တစ်စစီချိုးဖဲ့ ကိုယ်ပိုင်သိမ်းလိုက်ဟန်ရှိသည်။

ဤမှာလည်း စာအုပ်များက ဖြစ်ရပ်ကို ဖော်ပြသည်။ သိပ်မကြာ သေးခင်ကာလက ကျွန်တော်တို့သည် လင်ကွန်းအား ရုပ်ဝါဒခရစ်ယာန် တစ်ဦးဖြစ်ကြောင်း သက်သေထူသော စာအုပ်တစ်အုပ်ကို တွေ့ရှိခဲ့ရသည်။ ရေးသားသူမှာလည်း ရုပ်ဝါဒခရစ်ယာန်တစ်ဦးပင်ဖြစ်သည်။ အခြားစာအုပ် ဘစ်အုပ်ကမူ လင်ကွန်းသည် နာတာရှည်စိတ်ကျရောဂါကို ခုခံရုန်းကန်ရာမှ ကြီးမြတ်အောင်မြင်လာသည်ဟု နာတာရှည်စိတ်ကျရောဂါ သင့်နေခဲ့သည့် ဆောင်းပါးဆရာတစ်ဦးက ရေးသားသက်သေထူခဲ့သည်။ နပုလ္လိင်သမား ကပင်လျှင် လင်ကွန်းသည် နပုလ္လိင်သဘာဝရှိခဲ့သူဖြစ်ကြောင်း ၂၀၀၅ ခုနှစ် တွင် သုံးသပ်ရေးသားခဲ့သည်။ ကွန်ဆာဗေးတစ်သမားများက လင်ကွန်း၏ ကွန်ဆာဗေးတစ်သဘောတရားအကြောင်း ရေးဖွဲ့ခဲ့ပြီး လစ်ဗရယ်လ်သမား များလည်း လင်ကွန်းသည် လစ်ဗရယ်လ်ဝါဒီတစ်ဦးဖြစ်ခဲ့ကြောင်း ညွှန်းဆို ရေးဖွဲ့ခဲ့ကြသည်။ ၂၀၀၃ ခုနှစ်တွင်မူ လင်ကွန်းသည်သာ အသက်ရှင်နေသေး ပါလျှင် သူ၏ နိုင်ငံရေးသဘောထားများသည် နယူးယောက်မြို့တော် အုပ်ချုပ်ရေးမှူးဟောင်း မာရီယိုကူအိုမို၏သဘောထားများနှင့် ခွဲခြားမရအောင် တူညီမည်ဟုဆိုညွှန်းထားသော စာအုပ်တစ်အုပ်ထွက်ခဲ့သည်။ ထိုစာအုပ်ကို မည်သူရေးသားသည်ကို အထူးပြောရန် လိုမည်ဟု မထင်ပါ။

mgyoe.com

mgyoe.com

## လင်ကွန်းကို အားကျစိတ်အား နားလည်ခြင်း

ဤမျှ လင်ကွန်းလွှမ်းမိုးမှုကို အံ့အားသင့်လျက် ကျွန်တော်တို့၏ ခေါင်းစဉ်မေးခွန်း မျက်မှောက်ကာလ အမေရိကန်များ လင်ကွန်းကို မည်သို့ သဘောထားသည်ဟူသော မေးခွန်းကိုအဖောက်မေးခွန်းဖြင့် သင်ဖြေကြားရန် ကြိုးစားကောင်းကြိုးစားမည်။ မျက်မှောက်အမေရိကန်တို့ လင်ကွန်းနှင့် ပတ်သက်၍ မထားသည့် သဘောထား ရှိပါသလားဟုပင်လျှင် လင်ကွန်း သည် တစ်ပြိုင်နက်တည်းပင် အဓိပ္ပာယ်အမျိုးစုံ ဆောင်နေပါသောကြောင့် လင်ကွန်းသည် ထူးထူးထွေထွေအဓိပ္ပာယ် လေးနက်မှုမရှိတော့ဟု ဝေဖန် ပုတ်ခတ်သူတို့က ဆိုကောင်းဆိုမည်။ သို့သော် ဤသည်ကား အဖောက် လွန်မှုသာဖြစ်သည်။ လင်ကွန်းကို နှစ်သက်မှု လွန်ကျူးခြင်း၊ အလျှံပယ် ဖြစ်ခြင်းသည်ပင်လျှင် အမေရိကန်လက္ခဏာပီပြင်လှသည်။ ထိုနှစ်သက်မှုကို နားလည်ခြင်းသည် လင်ကွန်းကိုနားလည်ရန် နည်းလမ်းတစ်ရပ်သာမက ကျွန်တော်တို့နိုင်ငံကို သဘောပေါက်ရန် နည်းလမ်းတစ်ရပ်လည်း ဖြစ်သည်။

ခံစားချက်ပြင်းထန်မှုကိုကား ငြင်းဆန်၍ မရချေ။ အထူးသဖြင့် ကိုယ့်သမိုင်းကို ကိုယ်အလေးမထားသော နိုင်ငံတစ်နိုင်ငံအတွက် ပို၍ပင် အံ့သြစရာကောင်းသည့် အခြားမည်သည့်အမေရိကန်မျှ စပ်စပ်စုစု ဤမျှ စူးစမ်းမခံရခဲ့ချေ။ သမိုင်းတွင် နပိုလီယန်မှအပ မည်သည့်အခြားလူသားမှ ဤမျှအလေးထားသုံးသပ်ခံရမှုမရှိချေ။

သို့တိုင်အောင် နပိုလီယန်ပင်လျှင် လင်ကွန်းကဲ့သို့ လူများစွာ သူ့အသွင်ကို တုပခြင်းဖြင့် အသက်မွေးပြုစေသော လူတစ်စုမဖြစ်ထွန်းနိုင် စေခဲ့ချေ။ တစ်နည်းအားဖြင့် ပြောရလျှင် လင်ကွန်း (အသွင်)တင်ဆက် သူများအဖွဲ့သည် အခြားလုပ်ငန်းအဖွဲ့အစည်းနှင့် မခြားနားချေ။ ထိုအဖွဲ့ အစည်းများကဲ့သို့ပင် နှစ်ပတ်လည် ညီလာခံများ ကျင်းပသည်။ လုပ်ငန်း မွမ်းမံနည်းများကို တိုင်ပင်ဆွေးနွေးကြသည်။ သို့သော် အခြားအဖွဲ့အစည်း အသင်းအပင်းများနှင့်မတူသော အချက်ကား လင်ကွန်းအသွင်အဖွဲ့အစည်း အဖွဲ့ဝင်များသည် အနက်ရောင် ကုတ်အင်္ကျီရှည် ဝတ်ဆင်သည်။ ခေါင်းတိုင်ပုံဦးထုပ်ရှည်ကို ဆောင်းကြသည်။ အနက်ရောင် မုတ်ဆိတ်

mgyoe.com

ပါးသိုင်းမွေး အစစ် (သို့) အတုများ ထားကြသည်။ ညီလာခံပြီးလျှင် သူတို့သည် အိမ်ပြန်ကြသည်။ လန်းဆန်းနိုးကြားလှသော အားအင်သစ်တို့ဖြင့် ကျောင်းများ၊ ကလပ်ပွဲများ၊ ဈေးပွဲများတွင် သရုပ်ဆောင်မှုများ ပြုကြသည်။ တစ်နည်းပြောရလျှင် လင်ကွန်းကဲ့သို့ လူများစွာလိုအပ်သည်ဟု သူတို့ယူဆသော နိုင်ငံအားဖြည့်ဆည်းမှုပြုနေကြသည်ပင်ဖြစ်သည်။ မည်သည့်အတွက် ဤသို့ အလုပ်ရှုပ်ခံ ဆောင်ရွက်သနည်းဟု ထိုအဖွဲ့ကို တည်ထောင်သူ ဥက္ကဋ္ဌအား ကျွန်တော် မေးမြန်းကြည့်ရာ သူက အောက်ပါအတိုင်း ဖြေကြားခဲ့သည်။

"ကျွန်တော်တို့ သိသင့်ပေမယ့် မေ့နေလောက်တဲ့ ကိစ္စတွေကို လင်ကွန်းက သတိပေးတယ်"

လင်ကွန်းကဲ့သို့ ဝတ်ဆင်ထားသူအယောက် ၁၀၀ မက ဟိုတယ်ခန်းမတွင် စုဝေးထိုင်၍ "ဒေသခံ မီဒီယာ ကို အသုံးချနည်း" ဟောပြောချက်ကို နားထောင်နေသည်ကို ရှုမြင်ရသည်မှာ အတော်ထူးဆန်းပုံရသော်လည်း ကျွန်တော်၏ လင်ကွန်းရှာပုံတော်ခရီးစဉ်တွင် ထိုဖြစ်ရပ်မျိုးက ရိုးလာသည်။

လွန်ခဲ့သော သိပ်မကြာခင်ကာလတွင် လင်ကွန်း၏ စာရွက်စာတမ်းများနှင့် အခြားပထမတန်းစား အမှတ်တရပစ္စည်းများသည် အချမ်းသာဆုံးသူတို့သာ ဝယ်ယူစုဆောင်းနိုင်သည့် အဆင့်သို့ ဈေးထိုးတက်သွားခဲ့သည့်တိုင်အောင် လင်ကွန်းအမှတ်တရပစ္စည်းများ အလေးအနက်စုဆောင်းသည့် အမေရိကန်နိုင်ငံသား ၁၅,၀၀၀ ခန့် ရှိသည်ဟု ယူဆရသည်။

သို့တိုင်အောင် မကြွယ်ဝလှသော သူတို့ကလည်း မဖြုံချေ။ သူတို့သည် သူတို့ တတ်နိုင်သည့်အဆင့် ပစ္စည်းများကို ဝယ်ယူစုဆောင်းမှု ပြုလာကြသည်။ ဥပမာ ၁၀ ဒေါ်လာအောက်မျှနှုန်းဖြင့် ရောင်းချသော လင်ကွန်းဘဝအသက်အာမခံကုမ္ပဏီ၏ ပုံပါသော မီးခြစ်ဘူးများကို စုဆောင်းကြသည်။ လင်ကွန်းနှင့်ပတ်သက်သမျှ ပစ္စည်းများကို ရောင်းချကြောင်း on line လေလံအဖွဲ့တစ်ခုဖြစ်သော e Bay က သက်သေထူခဲ့သည်။ လင်ကွန်းလက်ရေးစာရွက်စာတမ်းများသည် ယခုအချိန်တွင် ဒေါ်လာ သိန်းသန်းချီ တန်နေပါသောကြောင့် မချမ်းသာလှသော လင်ကွန်းချစ်သူများသည် လင်ကွန်းစာရွက်စာတမ်းအတုများကိုပင် ဝယ်ယူနေကြသည်။ ယင်းတို့တွင် ၁၉၃၀

mgyoe.com

mgyoe.com


ပြည့်နှစ်များက ဖြစ်ထွန်းခဲ့သော အတုအပပညာရှင် ဂျိုးဇက်ကိုဆီ၏ လက်ရာက ဈေးအကောင်းဆုံးဖြစ်နေသည်။ ကိုဆီလက်ရာ လင်ကွန်းစာ အတုသည် ဒေါ်လာ ၂၅၀၀ မျှ ဈေးပေါက်နိုင်သည်။

"ဒါပေမဲ့ တကယ့်အတု၊ ကိုဆီလက်ရာ အတုဖြစ်ကြောင်း သေချာဖို့ လိုတယ်။ ဈေးကွက်က သိပ်ပူနေခဲ့တော့ အတုတွေ အတော်များများတွေ့နေ ရတယ်"ဟု စုဆောင်းသူတစ်ဦးက ဆိုသည်။

## အမေရိကန်စမ်းသပ်မှုကို ဖော်ကျူးခြင်း

ထိုမျှ ကမောက်ကမကျသော သမိုင်းပေါ်ရှုးသွပ်မှုအနေအထားကို သမိုင်းပညာရှင်များနှင့် လူမှုသိပ္ပံပညာရှင်များက ရာစုနှစ်တစ်နှစ်ကာလမျှ အဖြေထုတ်ရန် ကြိုးစားခဲ့ကြသည်။ ထိုအကြောင်းပြချက်များက တစ်ခါ တစ်ရံ တွင် လက်ခံ၍ ပညာပါသော ကောက်ချက်များဖြစ်သည်။ လင်ကွန်း သည် ဓာတ်ပုံအများဆုံးရိုက်ခံခဲ့ရသော ပထမဦးဆုံး သမိုင်းဝင်ပုဂ္ဂိုလ် ဖြစ်ခဲ့သောကြောင့် ဤမျှရေပန်းစားခြင်းဖြစ်သည်ဟု ဆိုကြသည်။ သို့ဖြင့် သူသည် ထိုထက်စောသောကာလမှ ပုဂ္ဂိုလ်တို့နှင့်စာလျှင် ကျွန်တော်တို့နှင့် ပိုရင်းနှီးသူဖြစ်သည်။ လင်ကွန်းသည် ထိုစဉ် အသစ်အဆန်းဖြစ်နေခဲ့သော ဓာတ်ပုံပညာဖြင့် တင်ဆက်မှုအပါအဝင် သူ့အသွင်ကို ပြည်သူအား တင်ပြရာ တွင် အလွန်အကင်းပါးခဲ့သည်။ သူ့ပုံတူရိုက်ကူးရန် အခွင့်အရေးကို တစ်ကြိမ်တစ်ခါမှ အလွတ်မပေးခဲ့ချေ။ ထိုလိမ္မာ ကျွမ်းကျင်မှုကြောင့်ပင်လျှင် ကျွန်တော်တို့သည် သူ့ကို ဂျော့ခ်ဝါရှင်တန် (သို့မဟုတ်) သောမတ် ဂျက်ဖာဆန်တို့လို ကျွန်တော်တို့သိနိုင်မည်မဟုတ်သောအသွင်ဖြင့် သိနေပုံရ သည်။

ထို့အပြင် အခြားစောဒကတက်ချက်တစ်ခုရှိသေးသည်။ ယင်းကား သူ၏ မျက်နှာနှင့် ကျွန်တော်တို့ မည်မျှ ရင်းနှီးကျွမ်းဝင်သည်ပင်ဖြစ်စေ၊ သူ၏ လွမ်းဆွေးသော မျက်လုံး၊ ရှုပ်ပွေနေသော ဆံပင်နှင့် လင်ကွန်း၏ အသွင်ကား သိရခက်သော အသွင်ကို ဆောင်နေသည်။ ဤအသွင်သည် ကပင်လျှင် အသိဉာဏ်ကြွယ်ဝ၊ ဘာသိဘာသာနေတတ်၊ ဟာသဉာဏ်ရှိ၊

mgyoe.com

mgyoe.com


ဆွေးမြည့်မြည့်သဏ္ဍာန်မကင်း၊ ကြင်နာတတ်သော သူ့ထံသို့ ကျွန်တော်တို့ကို ဆွဲဆောင်မှုပြုပြန်သည်။ အချို့သမိုင်းသုတေသီများကမူ သူ၏ ဘဝဇာတ်လမ်းက ကျွန်တော်တို့ကို ဆွဲဆောင်သည်ဟု ဆိုသည်။ အကြွင်းမဲ့ ဆင်းရဲချို့တဲ့သော ဘဝတွင် မွေးဖွားခဲ့ပြီး လူ့သမိုင်းစဉ်တွင် အတော်ဆုံး လူတစ်ဦးဖြစ်လာနိုင်ခဲ့သော သူ၏ဘဝသည် လူတို့၏ မွေးရာပါ ဖြစ်ထွန်းခွင့် နိမိတ်ဆောင်သည်ဟု ယူဆကြသည်။ ပြည်တွင်းစစ်ဒဏ်မှ နာလန်မထူနိုင်သေး၊ အသင့်မဖြစ်သေးသောအနေတွင် သူ့လုပ်ကြံခံရခြင်းသည်ကပင် သူ့ကို ဆက်လက်ကျော်ကြားစေသည်ဟု သုံးသပ်သူတို့ရှိသည်။ အချို့သောတရားပညာရှင်များကမူ လင်ကွန်းသည် တိုင်းပြည်အပြင်းထန်ဆုံး အခက်အခဲကြုံနေသည့်ကာလတွင် သမ္မတလုပ်ခဲ့ခြင်းကြောင့် ဤမျှ လူတို့ အလေးအမြတ်ထားမှုကို ခံနေရသေးသည်ဟု ယူကြသည်။

အထက်ပါသုံးသပ်ချက်အားလုံး သူ့အနေနှင့် သူ မှန်ကောင်းမှန်မည် ဖြစ်သော်လည်း နောက်ဆုံးယူဆချက်ကိုသာ ကျွန်တော် ဘဝင်အကျဆုံး ဖြစ်သည်။ ကျွန်တော်သည် လင်ကွန်း၏ အထွတ်အမြတ်အိမ်တော်ဟု ဆိုနိုင်သော ပိုတိုမက်မြစ်ကမ်းပါးရှိ ခေတ်ပုံစားလှသော လင်ကွန်းဗိမာန်နှင့် မလှမ်းမကမ်းတွင် နေထိုင်သည်။ လင်ကွန်းအကြောင်း စေ့ပေါက် ရှာဖွေစုံစမ်း၊ အချက်အလက်စုဆောင်းဆွေးနွေး၊ အိမ်အပြန်တွင် ဗိမာန်ကို တစ်ထောက်ဝင်ရသည်ကို ကျွန်တော်အမြဲပင် နှစ်ခြိုက်လေ့ရှိခဲ့သည်။

သမ္မတအထိမ်းအမှတ် ဗိမာန်များတွင် ထိုဗိမာန်သည် လူအလာဆုံး ဗိမာန်ဖြစ်ခဲ့သည်။ ထိုဗိမာန်နှင့် ပတ်သက်၍ အဆန်းဆုံးအချက်ကား ထိုကျယ်ပြန့်လှသော လှေကားများမှနေ၍ အေးမြသော ခန်းမကြီးအတွင်းသို့ ဝင်လိုက်သည်နှင့် ထိုအလည်ပတ်က သူတို့ နှုတ်ဆိတ်သွားပုံပင် ဖြစ်သည်။ မကြာမတင်ကာလတွင်မူ သူတို့သည် လင်ကွန်း၏ နာမည်ကြီးရုပ်တုဘေးတစ်ဖက်တစ်ချက်နံရံတွင် ထွင်းထားသော သူ၏ မိန့်ခွန်းနှစ်ခုကို သတိပြုမိကြရသည်။ ထိုမိန့်ခွန်းနှစ်ခုမှတစ်ခုမှာ ဂတ်တီအတ်မိန့်ခွန်းနှင့် နောက်တစ်ခုမှာ ဒုတိယသမ္မတအဖြင့် သစ္စာခံချိန်တွင် ပြောကြားခဲ့သည့် မိန့်ခွန်းတို့ကို ထိုဧည့်ပရိသတ်တို့ ရပ်တန့်ဖတ်လေ့ရှိသည့်အသွင်ကို ကျွန်တော်အမြင် မရိုးနိုင်ဖြစ်မိသည်။

mgyoe.com

ယင်းတို့ဖတ်ရှုနေသည့် မိန့်ခွန်းကား အမေရိကန်တစ်ဦးအကောင်းဆုံး ရေးဖွဲ့နိုင်သည့် အနေအထားဖြင့် ရေးဖွဲ့ထားသော အမေရိကန်အတွေ့အကြုံ သုံးသပ်ချက်ပင် ဖြစ်သည်ဟု ကျွန်တော် သဘောပေါက်မိသည်။ ဤ တိုင်းပြည်ကို လူသားတိုင်းအတွက် တည်ထောင်ထားပါသည်ဟု ဆိုညွှန်းမှု ပြုပြီး အခြားမိန်းခွန်းတစ်ခုကမူ တိုင်းပြည်သာ အသက်ရှင် မရပ်တည်နိုင်ပါ လျှင် ထိုဆိုညွှန်းချက်လည်းဖြစ်တည်နိုင်မည် မဟုတ်ဟု ညွှန်ပြသည်။ တစ်ခါတစ်ရံတွင် ထိုစာတမ်းကို ဖတ်ရှုမည့် ပရိသတ်များ မျက်ရည်ကျလေ့ ရှိသည်။ သူတို့ကို ကြည့်ရင်း ကျွန်တော် နားလည်လာမိရသည်။ လင်ကွန်း ကိုချစ်မြတ်နိုးခြင်းသည် အမေရိကန်နိုင်ငံသားများအတွက် တိုင်းပြည်ကို ချစ်သည့် အသွင်ပင်ဖြစ်သည်။

မျက်မှောက်ကာလအမေရိကန်များအတွက် လင်ကွန်းသည် ထိုသို့ အဓိပ္ပာယ်ဆောင်ပြီး ထို့ကြောင့် ထိုမျှ အဓိပ္ပာယ်ရှိနေခြင်းပင်ဖြစ်သည်။

What Abraham Lincoln means to Americans today

❑

mgyoe.com

mgyoe.com

# ကြီးမြတ်သောကိစ္စအတွက် အောက်ခြေပန္နက်

## ၁၈၅၄ ခုနှစ်ကာလအထိ အေဘရာဟင်လင်ကွန်း

အမေရိကန်တို့တွင် အထင်ရှားဆုံးနှင့် အချီးပခံရဆုံး ပုဂ္ဂိုလ်ကား လင်ကွန်းပင်ဖြစ်သည်။ အမေရိကန်တိုင်းပင်လျှင် သူ့ဘဝဇာတ်လမ်းနှင့် ရင်းနှီးကြသည်။ ကိုယ်ထူကိုယ်ထအနေဖြင့် တောရပ်ဒေသ မထင်မရှား ဘဝမှသည် ဂန္ထဝင်ထင်ရှားကျော်ကြားသည့်အဆင့်ထိ တက်လှမ်းခဲ့ပုံကား လူတိုင်းအကြိုက်တွေ့စရာ စိတ်ကူးယဉ်စရာအဖြစ်ပင် ဖြစ်သည်။ အမေရိကန်အများစုသည် သူတို့၏ ဆယ့်ခြောက်ဆက်မြောက် သမ္မတ အကြောင်းသိသော အတ္ထုပ္ပတ္တိမှာ ပြောစမှတ်ဖြစ်ရပ်ပင်ဆန်သည်။ သို့တိုင်အောင် ဤရင်းနှီးသော ဇာတ်လမ်း၏ ကောက်ကြောင်းကား သမိုင်းအခြေခံ အချက်များပင်ဖြစ်သည်။

လင်ကွန်းသည် ၁၈၀၉ ခုနှစ်တွင် အလွန်ချို့တဲ့သော သစ်လုံးအိမ်တွင် ပညာမဲ့ မိဘမှ မွေးဖွားခဲ့သည်။ သူသည် အတော်ပင် တောရိုင်းဆန်သော အရပ်ဒေသတွင် ကြီးပြင်းခဲ့သည်မှာ အမှန်ပင်။ ထို့နောက်တွင် အသက် ခုနစ်နှစ် အရွယ်မှစတင်၍ တောရိုင်းမြေကို ရဲဒင်းတစ်လက်ဖြင့် ခုတ်ထွင်

mgyoe.com

mgyoe.com


ရှင်းလင်းရာတွင် သူ့ဖခင်ကို ကူညီခဲ့သည်။ ကျောင်းကို လအနည်းငယ်မျှသာ တက်ရောက်ခဲ့ရပါသော်လည်း သူသည် အရေး၊ အဖတ်အတွက် အခြေခံ ပညာကို ကိုယ်ထူကိုယ်ထ မဆုတ်မနစ်ဆည်းပူးသင်ကြားခဲ့သည်။ လူရွယ် ဘဝတွင်ကြံ့ရာကျပန်းအလုပ် လုပ်ကိုင်ခဲ့သည်။ အင်္ဂလိပ်သဒ္ဒါကို စာအုပ် ထဲမှ ဆည်းပူးခဲ့သလို မြေပြင်တိုင်းတာမှုပြုနိုင်လောက်အောင် ဂဏန်းသင်္ချာ ကို ဆည်းပူးခဲ့သည်။ အသက် ၂၇ နှစ်အရွယ်တွင် ရှေ့နေ လုပ်နိုင်လောက် အောင် ဥပဒေပညာကို ဆည်းပူးခဲ့သည်။ အမေရိကန်နိုင်ငံ၏ အပြင်းထန်ဆုံး အခက်အခဲကာလတွင် စွမ်းစွမ်းတမံတိုင်းကျိုးပြု၍ နိုင်ငံကို ကယ်တင်ခဲ့သည်။ ကျေးကျွန်ဖျက်သိမ်းရေးကို ကမကထပြုဆောင်ရွက်နိုင်ခဲ့ပြီး အမေရိကန် အာဇာနည်အစစ်အမှန် အသွင်ဖြင့် သေဆုံးနိုင်ခဲ့သည်။

၁၈၆၁ ခုနှစ်မှ ၁၈၆၅ ခုနှစ်တွင်းဖြစ်ပွားခဲ့သည့် ပြည်တွင်းစစ်ကာလ တွင် သမ္မတအဖြစ် စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်နိုင်ခဲ့သောကြောင့် လင်ကွန်းကမ္ဘာကျော်ခဲ့ပါသော်လည်း အမေရိကန်သားတို့ သူနှင့် ရင်းနှီး နေသည့်အပိုင်းကား သူ၏ နုစဉ်ကာလဖြစ်စဉ်များပင် ဖြစ်သည်။ နယ်စပ် ဒေသအခြေချ အင်ဒီယားနားပြည်နယ်သား၏ ရဲဒင်းကိုင် သားငယ်၊ သစ်လုံး အိမ်မီးလင်းဖို အလင်းရောင်ဖြင့် စာဖတ်ရှုပညာစစ်ပေါက် ရယူခဲ့ရသူ၊ ရိုးသား သော ကုန်စုံဆိုင်စာရေးလေးနှင့် ရွာစာတိုက်မှူး၊ အနိုင်ကျင့်သူများကို ရင်ဆိုင်ရဲသော အကြောက်အလန့်ကင်းမဲ့သည့် လူသစ်၊ ကိုယ်ထူ ကိုယ်ထ မြေတိုင်းပညာ ဆည်းပူးတတ်မြောက်လာသူ၊ ဖွဲ့လုံ့လကြီးသော ဥပဒေ လေ့လာသူလေးစသည့် အနေအထားများဖြင့် သူ့ကို ရင်းနှီးကြသည်။

လူသိများသည့်အစိတ်အပိုင်းတွင် မပါဝင်သော်လည်း သူ့ ဖြစ်ထွန်းမှု ၏ အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ခဲ့သော သူ၏ ကြောင်းကျိုးဆင်ခြင် မြင်တတ်ပုံ၊ အမြော်အမြင်ရှိမှုများနှင့် ကာလဦးက သူရင်ဆိုင်ရသည့် အခက် အခဲများလည်း ရှိပေသေးသည်။

mgyoe.com